# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စက်မှုဝန်ကြီးဌာန
# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

## ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ)နှင့် ပုဒ်မ ၄၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၀ တွင် ဖော်ပြထားသည့် တားမြစ်ဓာတုပစ္စည်းများစာရင်းပါ အပိုဒ် ၅ ၌ ပါရှိသော အောက်ဖော်ပြပါ ဓာတုပစ္စည်းသုံးမျိုးသည် ပိုးသတ်ဆေးအဖြစ် သုံးစွဲခြင်းမပြုသော အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် ဓာတုပစ္စည်းများဖြစ်သဖြင့် ယင်းဓာတုပစ္စည်း(၃)မျိုးကို ပိုးသတ်ဆေးနှင့် အစားအသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများမှအပ အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အမိန့်ကြော်ငြာစာအမှတ် ၄ / ၂၀၂၀ ပါ တားမြစ်ဓာတုပစ္စည်းအဖြစ်မှ ပယ်ဖျက်၍ ကန့်သတ်ဓာတုပစ္စည်းအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) Borax Decahydrate

( ခ ) Mineral Oil

( ဂ ) Boric Acid

၂။ အဆိုပါ ဓာတုပစ္စည်း( ၃ )မျိုးနှင့် စပ်လျဉ်း၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း လုပ်ကိုင်ရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် အောက်ပါအချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်-

(က) အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်းလွှာ ( Material Safety Data Sheet – MSDS ) ရှိ Hazard Identification, First – aid Measures, Fire Fighting Measures, Measures for Accident (Accidental Release Measures), Handling and Storage နှင့် Exposure Control and Protection (Exposure Controls/ Personal Protection) များအား မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

( ခ ) ဓာတုပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံး ညီညွတ်သည့်စနစ် (Globally Harmonized System of Classification and Labeling of Chemicals ) ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းကို မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

( ဂ ) မှတ်ပုံတင်ခြင်း ပြုလုပ်ရာတွင် မိမိလုပ်ငန်းနှင့် ကိုက်ညီသော ပမာဏကိုသာ မှတ်ပုံတင်ထားပြီး ယင်းပမာဏထက် ကျော်လွန်၍ တင်သွင်းမှု မပြုခြင်း၊

(ဃ) အရေပြားနှင့် ထိတွေ့ခြင်း၊ ရှူရှိုက်မိခြင်း၊ မျိုချမိခြင်း၊ မျက်လုံးထဲသို့ဝင်ခြင်း၊ လေထုထဲသို့ ပျံ့နှံ့ရောက်ရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများ ပြုလုပ်ထားခြင်း၊

( င ) အသုံးပြုနေစဉ်အတွင်း ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများကို ဝတ်ဆင်အသုံးပြုခြင်း၊

( စ ) အသုံးပြုရာမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား (ကွန်တိန်နာဗူးများအပါအဝင်) စွန့်ပစ်ရာတွင် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်း ( Waste Treatment Facility) များသို့ ပေးပို့သော နည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-ဥ) /၂၀၂၁ (၃၀၈)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၇၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
(.............................................................................................................ဝန်ကြီးဌာန)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
.................................. တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များ
နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် } ညီနောင်အသင်းအဖွဲ့များထံ ထပ်ဆင့်ဖြန့်ဝေပေးပါရန်
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့အဖွဲ့ဝင်များအားလုံး
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့
အဖွဲ့ဝင်များအားလုံး
ဥက္ကဋ္ဌ၊ နေပြည်တော်ကြီးကြပ်ရေးအဖွဲ့
အတွင်းရေးမှူး၊ နေပြည်တော်ကြီးကြပ်ရေးအဖွဲ့
ဥက္ကဋ္ဌ၊
------------------------------------တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့
အတွင်းရေးမှူး၊
------------------------------------တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ } သက်ဆိုင်ရာ လုပ်ငန်းရှင်များသို့ ဆက်လက်ဖြန့်ဝေပေးပါရန်
ဤဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း/ ဦးစီးဌာနများအားလုံး
(.................................................................................................)

ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် )
မိတ္တူကို

ရုံးလက်ခံ/ မျှောစာတွဲ